# မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်(MTSH) အား ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange) မှစာရင်းဝင်ကုမ္ပဏီအဖြစ် ခွင့်ပြုခြင်း

## (၂၀၁၆ ခုနှစ်၊ မေလ (၆) ရက်)

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (MTSH) သည် ၎င်း၏ အစုရှယ်ယာများကို စာရင်းဝင်အဖြစ် တင်သွင်းရန် ရန်ကုန်စတော့အိတ်ချိန်း (YSX) မှ ခွင့်ပြုချက်ရရှိခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက် (သောကြာနေ့) YSX ဈေးကွက်စဖွင့်သည့် အချိန် မှစ၍ MTSH ၏ အစုရှယ်ယာများအား ရန်ကုန်စတော့အိတ်ချိန်းတွင် စတင်ရောင်းဝယ်မှုများ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

ပထမဦးစွာ မိမိတို့ကုမ္ပဏီ၏ အောင်မြင်မှုဖြစ်ပေါ်စေရေးအတွက် စဉ်ဆက်မပြတ် ပံ့ပိုးမှုများပေးခဲ့သော အစုရှယ်ယာရှင်များ၊ ဖောက်သည်များ၊ ဖက်စပ်ကုမ္ပဏီမှ အစုရှယ်ယာရှင်များဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီကုမ္ပဏီ(TSMCC), ဂျပန်အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းအေဂျင်စီ (JICA)နှင့် မိမိတို့၏ စီးပွားဖက်များဖြစ်သည့် ဂျပန်ကုမ္ပဏီများဖြစ်ကြသော မစ်ဆူဘီရှိ၊ မာရူဘီနီနှင့် ဆူမီတိုမိုတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်လိုပါသည်။ မိမိတို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးခဲ့ကြသော မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျွန်ုပ်တို့၏ Financial Advisor ဖြစ်သော CB Securities၊ ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများဖြစ်သည့် KBZSC, MSEC, AYAtrust နှင့် KTzRH၊ Legal Advisor ဖြစ်သော Kelvin Chia Yangon၊ စာရင်းစစ်နှင့် အတိုင်ပင်ခံ Win Thin & Associates နှင့် စာရင်းဝင်ခွင့်ပြုချက်ပေးပါသော ရန်ကုန်စတော့အိတ်ချိန်းတို့အား မိမိတို့ကုမ္ပဏီအနေဖြင့် စတော့အိတ်ချိန်းတွင် စာရင်းဝင်ခွင့်ရရှိရန် ပံ့ပိုးမှုပြုခဲ့သည့်အပေါ်လည်း အလေးအနက် တန်ဖိုးထားကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ဖြစ်မြောက်ရေးနှင့် MTSH အနေဖြင့် အဆိုပါစီမံကိန်းတွင် ပါဝင်ခွင့်ရရှိရေးအတွက် ပံ့ပိုးလမ်းညွှန်မှုများစွာပေးအပ်ခဲ့သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဂျပန်အစိုးရတို့ကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါသည်။

MTSH ၏ ရှယ်ယာများကို YSX တွင် စာရင်းသွင်းရောင်းဝယ်ခွင့်ရရှိခြင်းသည် ကုမ္ပဏီအနေဖြင့် စီးပွားရေးချဲ့ထွင်နိုင်ရေးအတွက် လိုအပ်သော ရင်းနှီးငွေများအား ရရှိမည်ဖြစ်ရာ အစုရှယ်ယာတန်ဖိုးများ စဉ်ဆက်မပြတ် တန်းဖိုးတက်လာမည်ဖြစ်ပါသည်။ ယင်းသို့ စာရင်းဝင်ခွင့်ရရှိခြင်းကြောင့် မိမိတို့ကုမ္ပဏီ၏ ဖွဲ့စည်းအုပ်ချုပ်မှုကိုလည်း ပိုမိုကောင်းမွန် တိုးတက်လာစေမည်ဖြစ်သဖြင့် နောင်တွင် စာရင်းတင်သွင်းလာမည့် ကုမ္ပဏီများအတွက် စံနမူနာပြကုမ္ပဏီ တစ်ခုအနေဖြင့် ရပ်တည်လာနိုင်မည်ဖြစ်ပါသည်။

ကုမ္ပဏီအား ၂၀၁၃ ခုနှစ်၊ မတ်လတွင် စတင်တည်ထောင်ခဲ့ရာ ထူးခြားမှုရှိသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး မတူညီသည့်စီးပွားရေး ကဏ္ဍအသီးသီးမှ အများပိုင်ကုမ္ပဏီကြီး (၉) ခုမှ ကနဦးမတည် တည်ထောင်သူများအဖြစ် ပါဝင်တည်ထောင်ထားသော ကုမ္ပဏီအစုအဖွဲ့ တစ်ခုဖြစ်ပါသည်။ မူလပထမ ရင်းနှီးမြှုပ်နှံမှုခေါ်ယူစဉ်က အဆပေါင်းနှစ်ဆကျော် Over Subscribe ဖြစ်ခဲ့ပြီးနောက် ကနဦးမတည် တည်ထောင်သည့် (၉)ကုမ္ပဏီမှ စတင်ခဲ့ရာ ယခုအချိန်တွင် အစုရှယ်ယာရှင်ပေါင်း (၁၆,၇၀၀) ကျော်ရှိလာပြီး၊ (၂၁)ရာစုတွင် မြန်မာနိုင်ငံ၌ အစုရှယ်ယာရှင်အများဆုံးဖြင့် ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီ ဖြစ်လာပါသည်။ ယင်းအချက်မှာ မိမိတို့ အစုရှယ်ယာရှင်များမှ ကုမ္ပဏီအပေါ် ထားရှိသော ယုံကြည်မှုနှင့် စိတ်ဝင်စားမှုကို အထင်အရှားပြသသော သာဓကတစ်ရပ် ဖြစ်ပါသည်။ ကုမ္ပဏီ အနေဖြင့်လည်း မိမိတို့အစုရှယ်ယာရှင်များ၏ မျှော်မှန်းချက်များကို စဉ်ဆက်မပြတ်ဖော်ဆောင်ခဲ့ရာ ကုမ္ပဏီလည်ပတ်သည့် ဒုတိယနှစ်အတွင်းမှာပင် အကျိုးအမြတ်ရှိစေရန် စီမံခန့်ခွဲလုပ်ကိုင်နိုင်ခဲ့ပြီး အစုရှယ်ယာရှင်များအား အမြတ်ငွေများ ခွဲဝေပေးနိုင်ခဲ့ပါသည်။ MTSH အနေဖြင့် သီလဝါ အထူးစီးပွားရေးဇုန်နှင့် ပတ်ဝန်းကျင်အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကုမ္ပဏီ၏ ကြီးပွားတိုးတက်ရေးကို ပိုမိုမြင့်မားကောင်းမွန်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မိမိတို့ အစုရှယ်ယာရှင်များ၏ အစုရှယ်ယာတန်ဘိုး ထပ်မံမြင့်တက်လာစေရန် အခြားသောစီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများလည်း ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါသည်။

ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ စီးပွားရေးဆောင်ရွက်ချက်များ၊ အနာဂတ်စီမံကိန်းများနှင့် တွေ့ကြုံနိုင်သည့် အခက်အခဲများကိုလည်း ထည့်သွင်းဖော်ပြထားသော MTSH ၏ စာရင်းဝင်အဖြစ် တင်သွင်းခြင်းအတွက် ဖွင့်ဟကြေညာစာတမ်းကို YSX ၏ website ဖြစ်သော www.ysx-mm.com နှင့် MTSH ၏ website ဖြစ်သော www.mtshmyanmar.com တို့တွင် ကြည့်ရှုနိုင်ပါသည်။